အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]
Women's League of Burma

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) ၁၀ နှစ်ပြည့် အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်

**အမျိုးသမီးများ၏ နိုင်ငံရေးဦးဆောင်မှုကို မြှင့်တင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည်**

**အမျိုးသမီးများ၏ တန်းတူအခွင့်အရေးကို ဆန့်ကျင်သော နအဖ၏ ဖွဲ့စည်းပုံနှင့် ၂၀၁၀ ရွေးကောက်ပွဲအား ပြတ်ပြတ်သားသား ဆန့်ကျင်သည်**

၉ ရက်၊ ဒီဇင်ဘာ၊ ၂၀၀၉

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့သည် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ချီတက်လာခဲ့သည့် သက်တမ်း(၁၀)နှစ် တင်းတင်းပြည့်သည့်နေ့ဖြစ်သည်။ အဖွဲ့ချုပ်သည် မြန်မာနိုင်ငံဒီမိုကရေစီရေးနှင့် အမျိုးသားတန်းတူရေးတိုက်ပွဲအတွက် ကျား၊မ တန်းတူညီမျှရေး ယုံကြည်ချက်ကို ကိုင်စွဲအားဖြည့်၍ ချီတက်ရာခရီးလမ်းတလျှောက်တွင် စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးကို အဓိကထားပြီး ဒီမိုကရေစီနိုင်ငံတခုအတွက် မရှိမဖြစ်လိုအပ်သည့် အမျိုးသမီးများ နိုင်ငံရေးနိုးကြားတက်ကြွသည့် နိုင်ငံသားများ ဖြစ်လာစေရေးကို အစဉ်တစိုက် မီးမောင်းထိုးပြခဲ့သည်။

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)သည် စစ်အစိုးရလက်အောက်ရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ အမျိုးသမီးထုကြီး ဘဝနစ်မွန်းလျှက်ရှိသည်ကို အခြေခံလျှက် လူထုစည်းရုံးရေးနှင့် နိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းစဉ်များကိုလည်း လုပ်ဆောင်ခဲ့သည်။ ထိုသို့လုပ်ဆောင်ရာတွင် စစ်အစိုးရ၏ နိုင်ငံရေးမသမာမှုများနှင့် ပြည်သူလူထုအပေါ် ဖိနှိပ်မှုများကို ကမ္ဘာ့ကုလ သမဂ္ဂနှင့် နိုင်ငံတကာအစိုးရများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများသို့ အမျိုးသမီးရေးအခြေခံလျက် ထိရောက်စွာ ဖော်ထုတ်တိုက်ပွဲဝင်လျက်ရှိသည့်အပြင် အမျိုးသားတန်းတူရေးနှင့် ဒီမိုကရေစီအနှစ်သာရများကို ဦးတည်အားဖြည့်သည့် ကျားမတန်းတူရေးဆိုင်ရာ အဆိုပြုချက်များကို မြန်မာနိုင်ငံမှ နိုင်ငံရေးအင်အားစုများ၊ အမျိုးသမီးများနှင့် လူငယ်များကိုလည်း တောက်လျှောက် တင်ပြစည်းရုံးလှုံ့ဆော်ခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ အကျုံးဝင်မှုတခုဖြစ်ပြီး အမျိုးသမီးများ၏ ဘဝရှင်သန်ရေးအတွက် လွန်စွာအရေးပါသော စီဒေါစာချုပ်ကို စစ်အစိုးရမှ ဟန်ပြလက်မှတ်ထိုးခဲ့ခြင်းသည် မြန်မာနိုင်ငံအမျိုးသမီးထုကိုသာမက ကမ္ဘာ့နိုင်ငံအသီးသီးရှိ အမျိုးသမီးအင်အားစုအားလုံးကို စိန်ခေါ်နေခြင်းလည်းဖြစ်သည်။ ထို့အပြင် လူထုဆန္ဒမပါဘဲ အတင်းအဓမ္မ အတည်ပြုခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံတွင် လည်း အမျိုးသမီးများ ဘဝလုံခြုံရေးနှင့် ကျား–မ တန်းတူရေးကို အာမခံသည့် ပြဋ္ဌာန်းချက်များမပါဝင်သည့်အပြင် ဖွဲ့စည်းပုံရေးဆွဲ စဉ်တွင်လည်း စစ်မှန်သည့် အမျိုးသမီးကိုယ်စားပြုမှုများ မပါဝင်ခဲ့ပေ။ ထိုဖွဲ့စည်းပုံကိုအသက်သွင်းမည့် ၂၀၁၀ ရွေးကောက်ပွဲသည် လည်း မြန်မာနိုင်ငံရှိ အမျိုးသမီးထုကြီး၏ဘဝကို ဆင်းရဲမွဲတေမှုနှင့် အကြမ်းဖက်ခံရမှု သံသရာအတွင်း ဆက်လက်ကျရောက် နစ်မွန်းစေမည့် အန္တရာယ်ဆိုးတခုအဖြစ် ရှုမြင်သုံးသပ်သည်။

ထို့ကြောင့် ယခုကျရောက်သော အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ (၁၀) နှစ်မြောက် အထိမ်းအမှတ်နေ့တွင် တိုက်ပွဲဝင် အင်အားစုအားလုံးနှင့်အတူ စစ်အစိုးရ၏ ၂၀၁၀ ရွေးကောက်ပွဲအား ဆန့်ကျင်တွန်းလှန်သွားမည့်အပြင် စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေမည့် မည်သည့်လုပ်ဆောင်မှုမျိုးကိုမဆို အဆုံးတိုင်တိုက်ပွဲဝင်သွားမည်ဟု ခိုင်မာစွာကတိပြုအပ်သည်။ တဆက်တည်း ထုတ်ဖော်ပြောကြားလိုသည်မှာ အနာဂတ်မြန်မာနိုင်ငံအား အမျိုးသားရေးတန်းတူမှုနှင့် ဒီမိုကရေစီအခြေခံသော ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းသာယာသည့် လူမှုအဆောက်အအုံတခုအဖြစ် တည်ဆောက်ရေးတွင် အမျိုးသမီးများ၏ အင်အားကို အသုံးပြုခွင့် အပြည့်အဝရရှိစေရေးနှင့် အမျိုးသမီးများ၏ နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမြင့်မားရေးအတွက် နိုင်ငံရေးအင်အားစုများအားလုံးကို ကျားမတန်းတူရေးဆိုင်ရာ ဖွဲ့စည်းအုပ်ချုပ်ပုံအဆိုပြုချက်များ စဉ်ဆက်မပြတ် ဆက်လက်တင်သွင်းသွားမည် ဖြစ်သည်။

စီဒေါစာချုပ်ပါ သဘောတူညီမှုများကို ထင်ဟပ်သည့် စဉ်းစားချက်များ၊ လက်တွေ့အကောင်ထည် ဖေါ်ဆောင်ရွက်မှုများ ရှိမရှိကို ဆက်လက်စောင့်ကြည့် မှတ်တမ်းတင်သွားမည်ဖြစ်သည်။ နိုင်ငံရေးပါတီ အဖွဲ့အစည်းအသီးသီးတို့မှ တန်းတူရေးနှင့် ဒီမိုကရေစီတိုက်ပွဲကာလအတွင်း တပြိုင်နက်တည်း လုပ်ဆောင်သွားနိုင်သည့် အမျိုးသမီးများပါဝင်မှုနှင့် နိုင်ငံရေးဦးဆောင်မှုကို မြှင့်တင်ပေးရေးဆိုင်ရာ လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်မှု ရှိမရှိကိုလည်း အကဲဖြတ်သုံးသပ်မှုများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း (၁၀) နှစ်ပြည့်အထိမ်းအမှတ်နေ့တွင် ထုတ်ဖော်ပြောကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| လွေးအေးနန်း | – (+၆၆) | ၈၀၁၁၅၉၅၉၈ – ထိုင်းနိုင်ငံ |
| လွေးမိုးခမ်း | – (+၆၆) | ၈၃၃၃၀၂၃၀၄ – ထိုင်းနိုင်ငံ |
| သင်းသင်းအောင် | – (+၉၁) | ၈၉၁ ၂၅၂၃၁၆ – အိန္ဒိယနိုင်ငံ |
| စောမြရာဇာလင်း | – (+၈၈) | ၁၇၃၂၆၄၉၀၀၇ – ဘင်္ဂလားဒေ့ရှ်နိုင်ငံ |